ဟာသ သရုပ်ဆောင်

# ကျော်ဝိုင်း၏

လုံးချင်းဝတ္ထု

# မလွဲရင် မနေနိုင်တာက လွဲလို့



သို့

မလွဲရင်မနေနိုင်တာကလွဲလို့ နှင့်ပတ်သက်၍

စာရေးတဲ့ ဟာသသရုပ်ဆောင် ကိုကျော်ထူး

ခင်ဗျားနဲ့ ကျွန်တော် ရင်းနှီးခဲ့တဲ့ နှစ်ပေါင်း

တော်တော်လေးကြာခဲ့ပြီနော်…

ကိုကျော်ထူးရယ်လို့ ဝိုးတိုးဝါးတားလေးဘဝ ဖြစ်နေချိန်

ကျွန်တော်ကလည်း ဗီဒီယို ကင်မရာအစုတ်လေးနဲ့ လှုပ်ရှားခါစ

ခုတော့ ခင်ဗျားက ဂျာနယ်၊ မဂ္ဂဇင်းတွေကတစ်ဆင့်

လုံးချင်းဝတ္ထုတွေရေးနေပြီဆိုတော့ကာ

ညီအစ်ကိုအရင်းပမာ ပြောချင်တာက

ကိုကျော်ထူး ‘ဘာမှ မလုပ်ပါနဲ့ ’၊ ‘ဘာမှ မရေးပါနဲ့ လို့ …’။

အရမ်းခင်တဲ့

ကျောက်ဖြူ (အကယ်ဒမီ)

ကင်မရာမင်း

၂၈-၈-၂၀၀၈

၁၂/မရက(နိုင်)၀၆၀၇၇၇

***

# အခန်းစဉ်(၁)

လူဟူသော ဝေါဟာရစကားလုံး အသုံးအနှုန်းသည် တော်တော်လေး ကျယ်ပြန့်ပါသည် ။ လူတစ်ယောက် လူတစ်ဦးသာဖြစ်လာဖို့ ရာ အ တော်လေး ခဲယဉ်းလှပါသည် ။ အချို့ဆို လူ့လောကထဲ ဝင် လာပြီး လူဖြ စ်မည်မှ မကြံသေး။ မိခင်၊ ဖခင်စိတ်မရှိသော လူများ ၏ လက်ချက်နှင့် လူ့လောကကြီးမှ ဆောလျင်စွာ ထွက်ခွာသွားရသည် ။ လူဖြစ်ခွင့် မကြုံ လိုက်ရ။ တော်တော်လေး သနားစရာကောင်းပါသည် ။

ကျွန်တော် ယခုကဲ့သို့ စာရေးနိုင်၊ ဟာသသရုပ်ဆောင်အဖြစ် သရုပ် ဆောင်နိုင်ခြင်းများ သည် ကျွန်တော်၏ မိခင်နှင့်ဖခင် လူစိတ်မွေးခဲ့၍ ကျွန်တော် လူဖြစ်ခွင့် ရလိုက်သည် ဟု ဆိုလျှင် မှားအံ့မထင်။ ဟော…လူ ဖြစ်လာပြန်တော့လည်း တစ်စုံတစ်ခုချို့ယွင်းနေလျှင် လူရာမဝင်၊ လူ တောမတိုးရပြန်တော့။ ဆရာဝန်ဖြစ်တာလည်း လူပါပဲ။ စာရေးဆရာဖြ စ်တာလည်း လူပါပဲ။ ကြုံရာကျပန်းလုပ်ကိုင် စားသောက်နေတာလည်း လူပါပဲခင်ဗျ။

အဲ…အဲဒီလူတွေထဲကမှ ဆွဲထုတ်ပြပြီး ရေးချင်တာက အလွဲများ နှင့် လူတွေအကြောင်းပါ။ လှိုင်သာယာကနေပြီး ရန်ကုန်မြို့ပေါ်မှာ အလုပ် လာလုပ်သည့် လူတစ်ယောက်သည် သူ့ထမင်းချိုင့်နှင့်သူ တစ်နေ့ တစ် ထောင့်ငါးရာ ရပါသည် ။ ညနေ အလုပ်ကပြန်လျှင် ထမင်းဖိုးနှင့် ကားခ နုတ်၊ အနည်းလေး ရှစ်ရာနှင့်ကိုးရာကျော်လောက်ပဲ ကျန်ပါသည် ။ တစ်

ခါတလေ အလုပ်မရှိလျှင် စရိတ်ဆုံး။ ထမင်းဖိုး ဆုံးပေါ့။

အဲ…ခု ကျွန်တော်တင်ပြမည့် အကြောင်းအရာကတော့ ကျွန်တော်တို့ ၏ ပတ်ဝန်းကျင်၊ ကျွန်တော်တို့ ၏ ကျေးဇူးရှင်(ကျွန်တော့်ဘာသာသတ်မှတ်တာပါ)၊ ဗီဒီယိုရိုက်ကူးရေး စက်အဖွဲ့၊ ကင်မရာမင်း အပါအဝင် မီးထိုးတွေပေါ့။ ရုပ်ရှင်ဗီဒီယိုသမားတွေ အခေါ်အဝေါ်ကတော့ ဂဲလ်ဖာဟူ၏။ ရန်ကုန်စျေးတစ်မျိုး၊ နယ်စျေးတစ်မျိုး၊ ရှူတင်ထမင်း စားရသည် ။ အနည်းလေး လေးငါးထောင်ရသည် ။ တစ်နေ့တစ်ဂျူတီပြောပါတယ်။

ဇာတ်ကားတစ်ကားပြီးတိုင်း မင်းသား၊ မင်းသမီးက မုန့်ဖိုး ပေးကြသေးသည် ။ သည် တော့ ဘာပဲဖြစ်ဖြစ် ပိုက်ဆံလည်း ရ၊ ဝမ်းလည်း ဝ၊ နယ်ပေါင်းစုံလည်း ရောက်၊ မင်းသား၊ မင်းသမီးအစုံနှင့်လည်း မြင်ဖူးတွေ့ဖူးရ ဘယ်လောက်များ ကံကောင်းလိုက်သည့်လူတွေလဲ။

အဲဒီထဲမှာ မိမိဘာသာမိမိ ကံကိုဆေးရောင်ခြယ်၊ ဆေးရောင်ဆိုးသူကရှိသေး။ တစ်နေ့တာ ပင်ပင်ပန်းပန်း ရထားသောငွေကို အရက်သောက်၊ ဖဲရိုက်၊ ဘောလုံးပင်လောင်း၊ နှစ်လုံးသုံးလုံးထိုး၊ တစ်ခါတစ်ရံ ကြေးစားမိန်းမနှင့်ခေါ်အိပ်၊ သည် တော့ အဲဒီလိုလူမျိုးသည် ဆင်းရဲခြင်းဟူသော သံသရာဝဋ် မလွတ်ကင်းနိုင်ကြပုံ ဆိုသလိုမျိုးပေါ့။

ကဲ…လူတွေအကြောင်း ကျွန်တော် လက်လှမ်းမီသလောက် ကြားဖူးနားဝ ရှိသလောက်လေး ရေးလိုက်တာပါ။ ခုချိန်ကစပြီး လူတွေထဲကလူဖြစ်သည့် ကင်မရာမင်း၊ စက်အဖွဲ့၊ ဂဲလ်ဖာများ ၏ အလွဲလေးတွေ…။

***